ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး**

သတ္တမနေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်**

**( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက် )**

**[ကြာသပတေးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေးရဲ့ သတ္တမနေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၁၉)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၇.၇၇) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေးရဲ့ သတ္တမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ဆက်လက်ကျင်းပမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားရပါတဲ့ ဥက္ကဋ္ဌကြီး ခင်ဗျား။ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၅)ဦးရှိပြီး၊ ယနေ့ ခွင့်ပန်ကြားသူ မရှိပါကြောင်းနှင့် ခွင့်မဲ့ပျက်ကွက်မရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၅)ဦး ယနေ့ ခွင့်ပန်ကြားသူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၅)ဦး ဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တိုင်းရင်းသားရေးရာကော်မတီတွင် ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌ နှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို လည်းကောင်း၊ တိုင်းရင်းသားရေးရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကို လည်းကောင်း အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်းနှင့် တိုင်းရင်းသားရေးရာကော်မတီ ဖွဲ့စည်းကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့(၁၇-၂-၂၀၁၆)ရက်နေ့ အစည်းအဝေးမှာ အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီ ဥက္ကဋ္ဌအဖြစ် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်ရှီလာနန်တောင်(ခ)အမ်နန်တောင်၊ အတွင်းရေးမှူးအဖြစ် ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဦးခွန်သိန်းဖေ နဲ့ အဖွဲ့ဝင်များအဖြစ် ကယားပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစောစိန်ထွန်း၊ ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစောဘီစံသိန်းမြင့်၊ ချင်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဦးငွန်ပေး၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဇခုန်တိန့်ယိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခင်မောင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဒေါ်သီရိရတနာ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်ကျော်ဇံ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးစိုင်းစံအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်မမလေး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိုင်သီဟ နဲ့ တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးချုပ် ကျော်ကျော်စိုး တို့အား

တာဝန်ပေး ဖွဲ့စည်းရန် တိုင်းရင်းသားရေးရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်သို့ အသိပေးတင်ပြခဲ့ပါတယ်။

ဒီတင်ပြချက်ကို သဘောတူ/မတူ လွှတ်တော်၏ အတည်ပြုချက် ရယူပါမယ်။

လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းရင်းသားရေးရာကော်မတီ ဖွဲ့စည်းခြင်းနဲ့ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နဲ့ စပ်လျဉ်းတဲ့ တင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တောင်သူလယ်သမားရေးရာ ကော်မတီတွင် ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်း ကိုလည်းကောင်း၊ တောင်သူလယ်သမားရေးရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကိုလည်းကောင်း အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် တောင်သူလယ်သမားရေးရာကော်မတီ ဖွဲ့စည်းကြောင်းကြေညာခြင်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့ (၁၇-၂-၂၀၁၆)ရက်နေ့ အစည်းအဝေးမှာ အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီ ဥက္ကဋ္ဌအဖြစ် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဘမျိုးသိန်း၊ အတွင်းရေးမှူးအဖြစ် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုးဝင်း နဲ့ အဖွဲ့ဝင်များအဖြစ် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးနောင်နဂျာတန်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘော်ရယ်စိုးဝေ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်နော်ဆာမူထူး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသက်နိုင်စိုး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်ဆွေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးစိုးအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတက်ထွန်းအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ ဦးစိုင်းလုံစံခတ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်ဇော်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်မျိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဦးလင်းတင်ဌေး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ မန်းတိုးရွှေ နဲ့ တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးကြီး လှဝင်းအောင် တို့အား တာဝန်ပေး ဖွဲ့စည်းရန်နှင့် တောင်သူလယ်သမားရေးရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နဲ့ သက်တမ်းတို့ကို လွှတ်တော်သို့ အသိပေး တင်ပြခဲ့ပါတယ်။

ဒီတင်ပြချက်ကို သဘောတူ မတူ လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် တောင်သူလယ်သမား ရေးရာကော်မတီ ဖွဲ့စည်းခြင်းနဲ့ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နဲ့ စပ်လျဉ်းတဲ့ တင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီတွင် ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး တို့၏ အမည်စာရင်းကို လည်းကောင်း၊ အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် နှင့် သက်တမ်းကို လည်းကောင်း အမျိုးသား လွှတ်တော်၏ အတည်ပြုချက် ရယူခြင်းနှင့် အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာကော်မတီ ဖွဲ့စည်းကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့(၁၇-၂-၂၀၁၆)ရက်နေ့ အစည်းအဝေးမှာ အမျိုးသားလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီ ဥက္ကဋ္ဌအဖြစ် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာမြသောင်း၊ အတွင်းရေးမှူးအဖြစ် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဒေါ်နော်လှလှစိုး နဲ့ အဖွဲ့ဝင်များအဖြစ် ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်သန်း၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစောယှားဖောင်အွာ၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာတင်တင်ဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ကျော်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်မေသန်းနွဲ့၊ ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကျော်နိုင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းဟန်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာဝင်းမြင့်ချစ်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးတင်ဝေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်၊ မန္တလေးတိုင်း ဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးမောင်မောင်ဆွေ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးညီစိန် နဲ့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးမြင့်ဆွေ တို့အား တာဝန်ပေး ဖွဲ့စည်းရန်နဲ့ အမျိုးသမီးနဲ့ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နဲ့ သက်တမ်းကို လွှတ်တော်သို့ အသိပေးတင်ပြခဲ့ပါတယ်။

ဒီတင်ပြချက်ကို သဘောတူ မတူ လွှတ်တော်၏ အတည်ပြုချက် ရယူပါမယ်။

လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသမီးနဲ့ ကလေးသူငယ် အခွင့်အရေး ဆိုင်ရာကော်မတီ ဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နဲ့ စပ်လျဉ်းတဲ့ တင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပညာရေးမြှင့်တင်မှုကော်မတီ ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆ နဲ့ ၁၀၇ တို့အရ လွှတ်တော်သည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တိုင်းရင်းသား လူမျိုးများအရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ နိုင်ငံခြားရေးတို့အပြင် အခြားရေးရာကိစ္စများကို လည်း လေ့လာတင်ပြစေရန် လိုအပ်ပါက လွှတ်တော်ကော်မတီများကို လွှတ်တော်ကိုယ်စားလှယ်များဖြင့် ကာလသတ်မှတ်၍ ဖွဲ့စည်းနိုင်ပါတယ်။

ဒါကြောင့် ပညာရေးမြှင့်တင်မှုကော်မတီကို (၁၅)ဦးထက် မပိုတဲ့ လွှတ်တော်ကိုယ်စားလှယ် များနဲ့ ဖွဲ့စည်းမှာဖြစ်ပြီး ကော်မတီမှာ ပါဝင်သင့်တဲ့ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်အဖြစ် ပါဝင်သင့်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အမည်စာရင်း၊ ကော်မတီကို တာဝန်ယူဦးဆောင်မယ့် ကော်မတီဥက္ကဋ္ဌ နဲ့ အတွင်းရေးမှူးတို့ရဲ့ အမည်စာရင်းများကို လွှတ်တော်မှာ တင်ပြပြီး အတည်ပြုချက် ရယူ ဖွဲ့စည်းရမှာ ဖြစ်ပါတယ်။

ဖွဲ့စည်းခြင်းနဲ့ တစ်စပ်တည်းမှာပဲ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆ နဲ့ ၁၀၇ တို့အရ ကော်မတီရဲ့ အဖွဲ့ဝင် ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နဲ့ သက်တမ်းများကို လွှတ်တော်မှ သတ်မှတ်ပေးရန် လိုအပ်ကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့် အမျိုးသားလွှတ်တော် ပညာရေး မြှင့်တင်မှုကော်မတီကို (၁၅)ဦးနဲ့ ဖွဲ့စည်းရန် လျာထားကြောင်း ရှင်းလင်း တင်ပြအပ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်သည့် လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ပညာရေး မြှင့်တင်မှုကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်က သတ်မှတ်ပေး မယ့် ပညာရေးမြှင့်တင်မှု ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ကော်မတီဝင်များရဲ့ ရပိုင်ခွင့်၊ သက်တမ်းနဲ့ စပ်လျဉ်းပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဦးဝင်းမြတ်အေး အား ရှင်းလင်းတင်ပြဖို့ ဖိတ်ခေါ်အပ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဒေါက်တာဦးဝင်းမြတ်အေး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါ သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာ ဦးဝင်းမြတ်အေး ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ တာဝန် ပေးချက်အရ အမျိုးသားလွှတ်တော်တွင် ပညာရေးမြှင့်တင်မှုကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နဲ့ စပ်လျဉ်းပြီးတော့ အသေးစိတ် ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ပထမဦးစွာ ပညာရေးမြှင့်တင်မှုကော်မတီရဲ့ တာဝန်ဝတ္တရားများကို ရှင်းလင်းတင်ပြပါမယ်။ ပညာရေးစနစ် ပိုမိုကောင်းမွန်ဖို့အတွက် ပညာရေးမြှင့်တင်မှုဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးကို ကူညီဆောင်ရွက်ပေးရပါမယ်။ ဘက်စုံအတွေးအခေါ် အယူအဆမှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်ပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် အကျိုးပြုမည့် ခေတ်မီပညာရေးစနစ်ကို ဖော်ဆောင်ပေးရပါမယ်။ ကလေးတိုင်း အခြေခံပညာရေး ပြီးမြောက်ရန်နဲ့ ဆက်လက် ပညာသင်ကြားနိုင်ရေးကို ကူညီဆောင်ရွက် ပေးရပါမယ်။ အဆင့်မြှင့်ပညာသင်ကြားနိုင်ရေးအတွက် ရွေးချယ်မှုစနစ် ပြုပြင်ပြောင်းလဲရေး၊ ဆရာ/ ဆရာမများရဲ့ သင်ကြားရေးစနစ် ပြုပြင်ပြောင်းလဲရေး၊ သင်ရိုးညွှန်းတမ်းနဲ့ စာမေးပွဲစနစ် ပြုပြင်ပြောင်းလဲ ရေး၊ ကျောင်းသား၊ ကျောင်းသူများရဲ့ ဗလ(၅)တန် ဖွံ့ဖြိုးရေး၊ သင်ကြားရေး အဆောက်အအုံ၊ သင်ကြား သင်ယူမှု အထောက်အကူပြုပစ္စည်းများနဲ့ ဆရာ/ဆရာမများ ပြည့်စုံလုံလောက်ရေး၊ ဆရာ/ဆရာမများရဲ့ လူနေမှုဘဝ အဆင်ပြေချောမွေ့ရေး၊ ပညာသင်ကြားရေးဆိုင်ရာ သုတေသန လုပ်ငန်းများ အကြံပြုရေး စသည်တို့ကို ပညာရေးမြှင့်တင်မှုကော်မတီ အနေနဲ့ ကူညီဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။

ကော်မတီသည် သက်ဆိုင်ရာ နယ်ပယ်အသီးသီးရှိ ဌာန အဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိ တဲ့ ဥပဒေများကို လေ့လာပြီး ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များ ရှိပါက လွှတ်တော်သို့ တင်ပြရမှာ ဖြစ်ပါတယ်။ တည်ဆဲ ဥပဒေများနဲ့ သော်လည်းကောင်း၊ သက်ဆိုင်ရာဌာန အဖွဲ့အစည်းများက အခါအားလျော်စွာ ထုတ်ပြန်ထားတဲ့ အမိန့်၊ ညွှန်ကြားချက်များဟာ လက်ရှိ အခြေအနေနဲ့ ညီညွတ် ဆီလျော်လို့ရှိရင် အမိန့်၊ ညွှန်ကြားချက်တွေကို လိုက်နာဆောင်ရွက်တဲ့ နေရာမှာ စောင့်ကြည့် ထိန်းညှိ ကူညီရမှာ ဖြစ်ပါတယ်။ သက်ဆိုင်ရာ နယ်ပယ်အသီးသီးမှာရှိတဲ့ ဌာန အဖွဲ့အစည်းများက ဆက်စပ်လျက် ရှိတဲ့ တိုင်ကြားစာ၊ အသနားခံစာ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌ မှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရပါမယ်။

ဆက်လက်ပြီး ကော်မတီရဲ့ လုပ်ပိုင်ခွင့်များကို ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။ ကော်မတီဟာ မိမိတာဝန်များကို ဆောင်ရွက်ရာမှာ အစိုးရနဲ့ အစိုးရမဟုတ်တဲ့ ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများမှ တာဝန်ရှိသူများကိုလည်းကောင်း၊ သက်ဆိုင်ရာ အဖွဲ့အစည်းတို့မှ ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ် များကိုသော်လည်းကောင်း ဖိတ်ကြားပြီး မေးမြန်းဆွေးနွေးနိုင်ပါတယ်။ ကော်မတီဟာ အဖွဲ့ခွဲ၍ ဖြစ်စေ၊ လိုအပ်တဲ့ ပုဂ္ဂိုလ်များနဲ့ ဖြစ်စေ၊ ပေါင်းစပ်ဖွဲ့စည်း၍ ဖြစ်စေ ပညာရေးဆိုင်ရာ ကိစ္စများနဲ့ စပ်လျဉ်း၍ လိုအပ်သော ဒေသများသို့ လွှတ်တော်ရုံးရဲ့ အစီအစဉ်နဲ့ သွားရောက်လေ့လာ ဆောင်ရွက်ရပါမယ်။

နိုင်ငံတော်အတွင်း ဖွဲ့စည်းထားရှိတဲ့ ပညာရေးနဲ့ သက်ဆိုင်တဲ့ အသင်းအဖွဲ့၊ အစည်းအရုံး၊ ကော်မတီ အဖွဲ့အစည်းများကို သွားရောက်လေ့လာနိုင်ပါတယ်။ မေးမြန်းဆွေးနွေးနိုင်ပါတယ်။ အစိုးရနဲ့ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေဟာ ကော်မတီ (သို့မဟုတ်) ကော်မတီထံကို ဆက်သွယ်လာရင်လည်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌရဲ့ ခွင့်ပြုချက်နဲ့အညီ လက်ခံတွေ့ဆုံ ဆွေးနွေး ညှိနှိုင်း သတင်းထုတ်ပြန်ခြင်း များကို ပြုလုပ်နိုင်ပါတယ်။ ကော်မတီဟာ လုပ်ငန်းနဲ့ ပတ်သက်ပြီးတော့ ဆက်စပ်သက်ဆိုင်တဲ့ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ တာဝန်ရှိသူများကို လွှတ်တော်ရုံးကတစ်ဆင့် ဖိတ်ကြားဆွေးနွေးမှုများ ပြုလုပ်နိုင်ပါတယ်။ ကော်မတီဟာ လုပ်ငန်းနဲ့ ပတ်သက်ပြီးတော့ အလုပ်ရုံဆွေးနွေးပွဲ (Workshop)၊ စာတမ်းဖတ်ပွဲများ၊ အခြားဌာနဆိုင်ရာနဲ့ အဖွဲ့အစည်းများက ပြုလုပ်တဲ့ အလုပ်ရုံဆွေးနွေးပွဲ၊ စာတမ်းဖတ်ပွဲ များကိုလည်း ဥက္ကဋ္ဌရဲ့ ခွင့်ပြုချက်နဲ့ တက်ရောက်ခွင့်ရှိပါတယ်။

ကော်မတီရဲ့ လေ့လာတွေ့ရှိချက်များအရ ပြည်ထောင်စုအစိုးရအဖွဲ့က ဖြစ်စေ၊ တိုင်းဒေသကြီး ပြည်နယ်အစိုးရအဖွဲ့တို့ကဖြစ်စေ ပြုပြင်ပြောင်းလဲ စီစဉ်ဆောင်ရွက်ပေးရန်သင့်သော (သို့မဟုတ်) လိုအပ်သလို အရေးယူဆောင်ရွက်ရန်သင့်သော အချက်များကို တွေ့ရှိပါက လွှတ်တော်ဥက္ကဋ္ဌထံသို့ သက်ဆိုင်ရာအမှုတွဲနဲ့အတူ ပြည့်စုံစွာ ပြုစုတင်ပြရမှာ ဖြစ်ပါတယ်။ ကော်မတီဟာ ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများနဲ့ပတ်သက်ပြီး ဆက်သွယ်ဆောင်ရွက်လိုခြင်း၊ တွေ့ဆုံဆွေးနွေးလိုခြင်း၊ အကြံဉာဏ်များပေးခြင်း၊ အကြံဉာဏ်များရယူခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်း၊ သွားရောက်လေ့လာလိုခြင်း၊ ဒါတွေ ပြုလုပ်လိုတယ်ဆိုရင် လွှတ်တော်ဥက္ကဋ္ဌရဲ့ ခွင့်ပြုချက်ကို ရယူဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ကော်မတီဟာ လိုအပ်တဲ့နယ်မြေဒေသများကို သွားရောက် လေ့လာဖို့ ခရီးစဉ်နဲ့ အုပ်ချုပ်မှုဆိုင်ရာ လိုအပ်ချက်များကို ဥက္ကဋ္ဌက တစ်ဆင့် လွှတ်တော်ဥက္ကဋ္ဌထံသို့ ခွင့်ပြုချက်ရယူရမှာ ဖြစ်ပါတယ်။

ရပိုင်ခွင့်နဲ့ စပ်လျဉ်းပြီးတော့ ဆက်လက်တင်ပြပါမယ်။ ကော်မတီဝင်များဟာ ကော်မတီ လုပ်ငန်းတာဝန်ကို ဆောင်ရွက်ဖို့ (သို့မဟုတ်) ကော်မတီ အစည်းအဝေးတက်ရောက်ဖို့ ကော်မတီရုံး ဆိုက်ရာဒေသမှာ ရောက်ရှိနေစဉ်၌ လည်းကောင်း၊ ဥက္ကဋ္ဌ (သို့မဟုတ်) လွှတ်တော်ရဲ့ တာဝန်ပေးချက် အရ ခရီးသွားလာရာ၌ လည်းကောင်း၊ ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိတဲ့ အပြင် လွှတ်တော်က သတ်မှတ်တဲ့ ရပိုင်ခွင့်များကိုလည်း ခံစားခွင့် ရှိပါတယ်။ ဒါ့အပြင် ကော်မတီဝင်များဟာ ကော်မတီအစည်းအဝေးများမှာ တင်ပြဆွေးနွေးချက်များနဲ့ စပ်လျဉ်းပြီး လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ တည်ဆဲအခြား ဥပဒေတစ်ရပ်ရပ်အရ အရေးယူခြင်းမှ ကင်းလွတ်ခွင့် ရှိရပါမယ်။ ကော်မတီ အစည်းအဝေး တက်ရောက်စဉ်အတွင်းမှာ ဥက္ကဋ္ဌရဲ့ ခွင့်ပြုချက် မရရှိပါက ဖမ်းဆီးခံရခြင်းမှလည်း ကင်းလွတ်ခွင့် ရှိပါတယ်။ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်း ခံရပါက ပြစ်ဒဏ်စီရင်ခြင်း မခံရမီ ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီ အစည်းအဝေးများသို့ တက်ရောက်ခွင့် စသည့် အခွင့်အရေးများလည်း ရှိပါတယ်။

ဆက်လက်ပြီးတော့ အဖွဲ့ရဲ့ သက်တမ်းကို တင်ပြမှာ ဖြစ်ပါတယ်။ ကော်မတီရဲ့ သက်တမ်း (၁) နှစ်ပြည့်မြောက်တဲ့ အခါတိုင်း ပြန်လည်သုံးသပ်ပြီး လွှတ်တော်ဥက္ကဋ္ဌက လိုအပ်တဲ့အခါမှာ ကော်မတီ အမည်ကို ပြင်ဆင်ခြင်း၊ ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပညာရေးမြှင့်တင်မှုကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်း**

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၀၆ တို့အရ ပညာရေးမြှင့်တင်မှုကော်မတီကို လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဖွဲ့စည်းနိုင်ရေးအတွက် ကော်မတီမှာပါဝင်သင့်တဲ့ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များရဲ့အမည်စာရင်း၊ ကော်မတီ ဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးတို့ရဲ့ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြပါ့မယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပညာရေးမြှင့်တင်မှုကော်မတီကို (၁၅)ဦးနဲ့ ဖွဲ့စည်းမှာဖြစ်ပြီး ကော်မတီဥက္ကဋ္ဌအဖြစ် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာဦးဝင်းမြတ်အေး အားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇) မှ ဦးကျော်တုတ် အားလည်းကောင်း တာဝန်ပေးအပ် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း တင်ပြပါတယ်။

အဖွဲ့ဝင်များရဲ့ အမည်စာရင်းများကတော့-

| | | |
|---|---|---|
| (၁) | ဒေါ်နော်မြစေး | ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁ ) |
| (၂) | ဦးမာန်လောမောင်း | ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) |
| (၃) | ဦးစိုင်းသန်းနိုင် | ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) |
| (၄) | ဦးဇယ်ခေါင် | ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) |
| (၅) | ဦးကျော်သောင်း | စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) |
| (၆) | ဦးထွန်းလင်း | တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) |
| (၇) | ဦးအေးချို | ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်( ၉ ) |
| (၈) | ဒေါ်သန်းသန်းအေး | မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇) |
| (၉) | ဦးချစ်ထွေး | မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) |
| (၁၀) | ဦးဝေစိန်အောင် | ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) |
| (၁၁) | ဦးအေးဗိုလ် | ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) |
| (၁၂) | ဦးထိန်ဝင်း | ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) |
| (၁၃) | ဗိုလ်မှူးကြီး အောင်ခင်ဇော် | တပ်မတော်သား ကိုယ်စားလှယ် |

တို့ ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီ ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၀၆ နှင့် ၁၀၇ တို့အရ လွှတ်တော်သည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တိုင်းရင်းသား လူမျိုးများအရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ နိုင်ငံခြားရေးတို့အပြင် အခြားရေးရာကိစ္စများ ကိုလည်း လေ့လာတင်ပြစေရန် လိုအပ်ပါက လွှတ်တော်ကော်မတီများကို လွှတ်တော်ကိုယ်စားလှယ်များ ဖြင့် ကာလသတ်မှတ်၍ ဖွဲ့စည်းနိုင်ပါတယ်။

ဒါကြောင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီကို (၁၅)ဦး ထက်မပိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဖွဲ့စည်းမှာဖြစ်ပြီး ကော်မတီမှာ ပါဝင်သင့်တဲ့ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်အဖြစ် ပါဝင်သင့်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အမည်စာရင်း၊ ကော်မတီကို တာဝန်ယူဦးဆောင်မယ့် ကော်မတီဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးတို့ရဲ့ အမည်စာရင်းများကို လွှတ်တော်မှာတင်ပြပြီး အတည်ပြုချက် ရယူဖွဲ့စည်းရမှာ ဖြစ်ပါတယ်။

ဖွဲ့စည်းခြင်းနဲ့ တစ်ဆက်တည်းမှာပဲ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆ နှင့် ၁၀၇ တို့အရ ကော်မတီရဲ့ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နဲ့ သက်တမ်းများကို လွှတ်တော်က သတ်မှတ်ပေးရန် လိုအပ်ကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့် အမျိုးသားလွှတ်တော် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီကို (၁၅)ဦးနဲ့ဖွဲ့စည်းရန် လျာထားကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်သည့် လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်း၍ ရှင်းလင်း တင်ပြခြင်း**

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကသတ်မှတ်ပေးမယ့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ကော်မတီဝင်များရဲ့ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ထွေး အား ရှင်းလင်းတင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ထွေး ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော်တွင် ပြည်တွင်းပြည်ပ အလုပ်သမားများဆိုင်ရာကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် စပ်လျဉ်း၍ အသေးစိတ်တင်ပြသွားမှာဖြစ်ပါတယ်။

ပထမဦးစွာ ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီရဲ့ တာဝန်ဝတ္တရားများကိုရှင်းလင်းတင်ပြပါ့မယ်။ အဲဒါတွေကတော့ (၁) လုပ်ငန်းခွင်သာယာရေး၊ အလုပ်သမားများ လုပ်ငန်းခွင် ကျွမ်းကျင်မှုလေ့ကျင့်ရေး၊ အလုပ်သမားဥပဒေပါ အကျိုးခံစားခွင့်ရရှိရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး၊ လူမှုဖူလုံရေး၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ အလုပ်သမားရေးရာ ကိစ္စရပ်များတွင်ပါဝင်ဆောင်ရွက်နိုင်ရေးတို့ကို ကူညီဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ (၂) နိုင်ငံခြားတိုင်းပြည်များ၏ အလုပ်သမားဥပဒေ လုပ်ခလစာနှင့်တကွ အခြားရပိုင်ခွင့်များကိုရရှိရေး၊ လွယ်ကူစွာ လစာငွေပြန်ပို့နိုင်ရေး၊ မတရားခြယ်လှယ်မှုများရှိပါက ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးတို့ကို ကူညီဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ (၃) မြန်မာနိုင်ငံတွင် ခေတ်နှင့်လျော်ညီသော အလုပ်သမားဥပဒေများကို အပြည်ပြည်ဆိုင်ရာ

အလုပ်သမားအဖွဲ့ချုပ်၏ စံနှုန်းများနှင့်အညီဖြစ်ပေါ်စေရေးတို့ကို ကူညီဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ (၄) အလုပ် ရှင်၊ အလုပ်သမား အငြင်းပွားမှု ရှိလာပါက အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းတို့ဖြင့် စေ့စပ်ဖြေရှင်းရေးအဆင့်တွင် ပြေလည်သွားပြီး အဖက်ဖက်မှ မကျေနပ်မှုရှိပါက အယူခံနိုင်ရန် အလုပ်သမားရေးရာနှင့်ဆိုင်သော ရုံးများရရှိရေးတို့ကို ကူညီဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ (၅) ကော်မတီ၏ လေ့လာ တွေ့ရှိချက်များပေါ်မူတည်၍ လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် လွှတ်တော်သို့ အဆိုတင်သွင်းနိုင်ပါတယ်။

ဆက်လက်ပြီးတော့ ကော်မတီရဲ့ လုပ်ပိုင်ခွင့်များကို ရှင်းလင်းတင်ပြပါမယ်။ ကော်မတီသည် ပြည်တွင်းပြည်ပ အလုပ်သမားအဖွဲ့အစည်းများမှ တာဝန်ရှိသူများကိုလည်းကောင်း၊ ပြည်တွင်းပြည်ပ အလုပ်သမား အဖွဲ့အစည်းတို့မှ ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များကိုလည်းကောင်း ဖိတ်ကြားပြီး မေးမြန်းဆွေးနွေးနိုင်ပါတယ်။ ထို့အပြင် ကော်မတီသည် အဖွဲ့ခွဲ၍ဖြစ်စေ၊ လိုအပ်သော ပုဂ္ဂိုလ်များနှင့် ပေါင်းစပ်ဖွဲ့စည်း၍ဖြစ်စေ၊ လိုအပ်သည့် ပြည်တွင်းနေရာဒေသ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းရုံးများသို့ တာဝန်အရ သွားရောက်လေ့လာ ဆောင်ရွက်နိုင်ပါတယ်။ ထိုသို့ သွားရောက်လေ့လာဆောင်ရွက်နိုင်ရန် အတွက် လွှတ်တော်ရုံးသို့ ခရီးစဉ်နှင့် အုပ်ချုပ်မှုဆိုင်ရာ လိုအပ်သည်များကို ကြိုတင်ညှိနှိုင်း တင်ပြပြီး လွှတ်တော်ရုံး၏ စီစဉ်ပေးမှုဖြင့် ဆောင်ရွက်ရပါမယ်။ ကော်မတီ၏ လေ့လာတွေ့ရှိချက်များအရ ပြည်ထောင်စုအစိုးရအဖွဲ့ကဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့ကဖြစ်စေ ပြုပြင်ပြောင်းလဲ ရန်၊ စီစဉ်ပေးရန်သင့်သော (သို့မဟုတ်) လိုအပ်သလို အရေးယူဆောင်ရွက်ရန်သင့်သော တွေ့ရှိချက် များရှိပါက လွှတ်တော်ဥက္ကဋ္ဌထံသို့ သက်ဆိုင်ရာအမှုတွဲနှင့်တကွ ပြည့်စုံစွာ ပြုစုတင်ပြရပါမယ်။

ပြည်တွင်းပြည်ပ အလုပ်သမားအဖွဲ့အစည်းများနှင့်ပတ်သက်၍ ကော်မတီသည် လွတ်လပ်စွာ တွေ့ဆုံဆွေးနွေးခြင်း၊ အခက်အခဲနှင့်လိုအပ်ချက်များ မေးမြန်းခြင်း၊ ဥပဒေနှင့်ညီညွတ်သော အကြံဉာဏ် များပေးခြင်း၊ လုပ်ငန်းတိုးတက် အောင်မြင်မှုရရှိစေရေးအတွက် လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပေးခြင်း များ ပြုလုပ်ဆောင်ရွက်နိုင်ပါတယ်။ ဆက်သွယ်ဆောင်ရွက်လိုလျှင်ဖြစ်စေ၊ သွားရောက်လေ့လာနိုင်ရန် ဖြစ်စေ၊ လွှတ်တော်ဥက္ကဋ္ဌထံသို့ တင်ပြ၍ ဥက္ကဋ္ဌ၏ ခွင့်ပြုချက်အရ လွှတ်တော်ရုံး၏ အစီအစဉ်ဖြင့်သာ တရားဝင် ဆောင်ရွက်ခွင့်ရှိပါတယ်။ ပြည်တွင်းပြည်ပ အလုပ်သမား အဖွဲ့အစည်းများက ကော်မတီ (သို့မဟုတ်) ကော်မတီဝင်ထံသို့ ဆက်သွယ်လာလျှင် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြ၍ ခွင့်ပြုချက်နှင့်အညီ လက်ခံတွေ့ဆုံဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်း၊ သတင်းထုတ်ပြန်ခြင်းတို့ ပြုလုပ်နိုင်ပါတယ်။

အကယ်၍ လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရန်အချိန်မမီပါက တွေ့ဆုံဆွေးနွေးခြင်း၊ ညှိနှိုင်း ဆောင်ရွက်ချက်များကို လွှတ်တော်ဥက္ကဋ္ဌအား အချိန်နှင့်တစ်ပြေးညီ တင်ပြရပါမယ်။ ပြည်တွင်းပြည်ပ အလုပ်သမား အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေး ဆောင်ရွက်ချက်များအား ဦးစားပေး အစီအစဉ် အလိုက် လွှတ်တော်ဥက္ကဋ္ဌထံသို့ အစီရင်ခံစာများကို ပြုစုတင်ပြသွားရပါမယ်။

ရပိုင်ခွင့်နှင့်စပ်လျဉ်း၍ ဆက်လက်တင်ပြပါမယ်။ ကော်မတီဝင်များသည် ကော်မတီလုပ်ငန်း တာဝန်ကိုဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်းအဝေးတက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌ လည်းကောင်း၊ ဥက္ကဋ္ဌ (သို့မဟုတ်) လွှတ်တော်၏ တာဝန်ပေးချက်အရ ခရီးသွားလာ ရာ၌ လည်းကောင်း၊ ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်ကသတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရရှိပါတယ်။ ဒါ့အပြင်

ကော်မတီဝင်များအား ကော်မတီ အစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ တည်ဆဲအခြားဥပဒေ တစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှလည်း ကင်းလွတ်ခွင့်ရှိပါတယ်။ ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှလည်း ကင်းလွတ်ခွင့်ရှိပါတယ်။ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်း မခံရမီ ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်စသည့်အခွင့်အရေးများလည်း ရရှိပါတယ်။

ကော်မတီရဲ့သက်တမ်းမှာ ကော်မတီသက်တမ်း တစ်နှစ်ပြည့်မြောက်သည့်အခါတိုင်း ပြန်လည်သုံးသပ်ပြီး လွှတ်တော်ဥက္ကဋ္ဌက လိုအပ်ပါက ကော်မတီ၏အမည် ပြင်ဆင်ခြင်း၊ ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏အမည်စာရင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်း**

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၃)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆ တို့အရ ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီကို လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဖွဲ့စည်းနိုင်ရေးအတွက် ကော်မတီမှာ ပါဝင်သင့်တဲ့ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များရဲ့ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးတို့ရဲ့ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြပါ့မယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီကို (၁၅)ဦးနဲ့ ဖွဲ့စည်းမှာဖြစ်ပြီး ကော်မတီဥက္ကဋ္ဌ အဖြစ် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေး အားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဇော်မင်းလတ်(ခ) ဦးကိုလတ် အားလည်းကောင်း တာဝန်ပေးအပ် ဖွဲ့စည်းသွားမှာဖြစ်ကြောင်း တင်ပြပါတယ်။

အဖွဲ့ဝင်များရဲ့ အမည်စာရင်းများကတော့-

| | | |
|---|---|---|
| (၁) | ဒေါက်တာခင်မကြီး | ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) |
| (၂) | ဦးစိုင်းပန်ဖ | ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) |
| (၃) | ဒေါ်နန်းမိုးမိုးထွေး | ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) |
| (၄) | ဦးကျင့်ခန့်ပေါင် | ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) |
| (၅) | ဦးမင်းနိုင် | စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) |
| (၆) | ဦးလှဆန်း | မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) |

(၇) ဦးဥက္ကာမင်း တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)

(၈) ဒေါက်တာဦးကွယ်ကွယ် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)

(၉) ဦးစိုးသီဟ(ခ) မောင်တူး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)

(၁၀) ဦးကျော်သန်း ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)

(၁၁) ဦးကြည်ဝင်း ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)

(၁၂) ဒေါ်အိအိပြုံး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)

(၁၃) ဗိုလ်မှူးကြီး သန်းထိုက် တပ်မတော်သား ကိုယ်စားလှယ်

တို့ ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း**

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆ နှင့် ၁၀၇ တို့အရ လွှတ်တော်သည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တိုင်းရင်းသားလူမျိုးများအရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ နိုင်ငံခြားရေးတို့အပြင် အခြားရေးရာကိစ္စများကိုလည်း လေ့လာတင်ပြစေရန် လိုအပ်ပါက လွှတ်တော်ကော်မတီများကို လွှတ်တော်ကိုယ်စားလှယ်များဖြင့် ကာလသတ်မှတ်၍ ဖွဲ့စည်းနိုင်ပါတယ်။

ဒါကြောင့် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီကို(၁၅)ဦး ထက်မပိုတဲ့ လွှတ်တော် ကိုယ်စားလှယ်များနဲ့ ဖွဲ့စည်းမှာဖြစ်ပြီး ကော်မတီမှာ ပါဝင်သင့်တဲ့ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်အဖြစ်ပါဝင်သင့်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အမည်စာရင်း၊ ကော်မတီကို တာဝန်ယူဦးဆောင်မယ့် ကော်မတီဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးတို့ရဲ့ အမည်စာရင်းများကို လွှတ်တော်မှာ တင်ပြပြီး အတည်ပြုချက် ရယူဖွဲ့စည်းရမှာ ဖြစ်ပါတယ်။

ဖွဲ့စည်းခြင်းနဲ့ တစ်ဆက်တည်းမှာပဲ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆ နှင့် ၁၀၇ တို့အရ ကော်မတီရဲ့ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နဲ့ သက်တမ်းများကို လွှတ်တော်က သတ်မှတ်ပေးရန် လိုအပ်ကြောင်းတွေ့ရှိရပါတယ်။ ဒါကြောင့် အမျိုးသားလွှတ်တော် နိုင်ငံသားများရဲ့ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီကို(၁၅)ဦးနဲ့ ဖွဲ့စည်းရန်လျာထားကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်သည့် လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်း၍ ရှင်းလင်း တင်ပြခြင်း

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်က သတ်မှတ်ပေးမယ့် နိုင်ငံသားများရဲ့ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ကော်မတီဝင်များရဲ့ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်းပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဌေးကြွယ် အား ရှင်းလင်းတင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၃၅။**

**ဒေါက်တာဌေးကြွယ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်အပေါင်းကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဌေးကြွယ် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော်တွင် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ပထမဦးစွာ နိုင်ငံသားတို့၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီရဲ့ တာဝန်ဝတ္တရားတွေကို ရှင်းလင်းတင်ပြပါမယ်။ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးဆိုင်ရာ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရပါမယ်။ နိုင်ငံသားတိုင်း တရားမျှတမှုနှင့် တန်းတူညီမျှ အခွင့်အရေး၊ ခံစားခွင့်ရှိရေးကို ဆောင်ရွက်ပေးရပါမယ်။ နိုင်ငံသားတိုင်း အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းပါ အချက်အလက်များအား ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်ရန်၊ အသိပညာပေးရန်၊ ယင်းအချက်များကို လိုက်နာစောင့်စည်း ကျင့်သုံးရေးကို ဆောင်ရွက်ပေးရပါမယ်။

သက်ဆိုင်ရာ နယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသော ဥပဒေများကိုလေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များတွေ့ရှိပါက လွှတ်တော်သို့ တင်ပြရပါမယ်။ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးများကို ချိုးဖောက်ခံရသဖြင့် ပြည်သူများ၏ တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်ခြင်း၊ လိုအပ်လျှင် လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်ဖြင့် ချိုးဖောက်ခံရသည့်နေရာထိ သွားရောက်ကြားနာ စိစစ်ခြင်း ပြုလုပ်ပြီး လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရပါမယ်။

ကော်မတီသည် လုပ်ငန်းနှင့်ပတ်သက်၍ ဆက်စပ်သည့်အဖွဲ့အစည်းများ၊ တာဝန်ရှိ ပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်ပါတယ်။ ကော်မတီသည် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်နှင့် လည်းကောင်း၊ နိုင်ငံတကာ ပါလီမန်များ၏ လူ့အခွင့်အရေးဆိုင်ရာ ကော်မရှင်များနှင့်

လည်းကောင်း၊ ကုလသမဂ္ဂအခွင့်အရေးဆိုင်ရာ ကော်မရှင်နှင့်လည်းကောင်း၊ အခြားသော လုပ်ငန်းသဘာဝတူ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးဆိုင်ရာ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် လည်းကောင်း ဆက်သွယ်ချိတ်ဆက်လျက် ဒီမိုကရေစီအရေးနှင့် ပြည်သူ့အခွင့်အရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ရပါမယ်။ ကော်မတီသည် အခြားနိုင်ငံ လွှတ်တော်များတွင် နိုင်ငံသားများ၏မူလအခွင့်အရေး၊ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးနှင့် စပ်လျဉ်း၍ ကော်မတီ၊ ကော်မရှင်စသည်ဖြင့် ဖွဲ့စည်းဆောင်ရွက်ပုံကို ဆက်သွယ်လေ့လာ၍ တွေ့ရှိချက်များအား လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရပါမယ်။

လွှတ်တော်ဥက္ကဋ္ဌက လိုအပ်၍ဖြစ်စေ၊ သင့်တော်၍ဖြစ်စေ၊ လေ့လာစေသော သို့မဟုတ် ဆောင်ရွက်စေသော အထူးကိစ္စရပ်များကိုလည်း ညွှန်ကြားချက်များနဲ့အညီ လိုက်နာဆောင်ရွက်၍ သတ်မှတ်သည့်အတိုင်း အစီရင်ခံစာ ပြုစုတင်ပြရပါမယ်။ လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်တွင် တင်သွင်းသင့်ကြောင်း မှတ်ချက်ပြုသော အစီရင်ခံစာပါ အကြောင်းအရာနှင့် စပ်လျဉ်း၍ အသေးစိတ် ပြန်လည်ပြုစုပြီး၊ ၂၀၁၂ ခု အမျိုးသားလွှတ်တော်ဆိုင်ရာ ပုဒ်မ ၄၃ ပါ လွှတ်တော် အစည်းအဝေး၌ ဆောင်ရွက်ရမည့် ကိစ္စဖြစ်သည့် လွှတ်တော်သို့ တင်သွင်းသည့် အစီရင်ခံစာကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ မှတ်တမ်းတင်ခြင်း ဆောင်ရွက်နိုင်ရန် စနစ်တကျ တင်သွင်းရပါမယ်။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦး ပြောဆိုသော (သို့မဟုတ်) ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင် ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း၊ ပြင်ပသို့ ပေါက်ကြားခြင်း မရှိစေရပါ။ ကော်မတီ အစည်းအဝေး မှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ် မှတ်တမ်းတင်၍ ကော်မတီက အတည်ပြု ပေးရပါမယ်။ အစည်းအဝေးမှတ်တမ်းကို ဖြန့်ဝေခြင်း မပြုရပါ။ လွှတ်တော်သို့ ပေးပို့သော အစီရင်ခံစာ မိတ္တူကို အစည်းအဝေး မှတ်တမ်းများနှင့် ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားရန် လွှတ်တော်ရုံးသို့ ပေးပို့ရပါမယ်။

ဆက်လက်ပြီး ကော်မတီ၏ လုပ်ပိုင်ခွင့်များကို ရှင်းလင်းတင်ပြပါမယ်။ ကော်မတီသည် နိုင်ငံသားတစ်ဦးဦးမှ ၎င်းအပေါ် နိုင်ငံသား၏မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့်လူ့အခွင့်အရေး တို့နှင့် စပ်လျဉ်း၍ ချိုးဖောက်ခံရကြောင်း သံသယရှိလျှင် သက်ဆိုင်ရာနိုင်ငံသားများကိုလည်းကောင်း၊ သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များကိုလည်းကောင်း၊ ဖိတ်ကြား၍ ဆွေးနွေးနိုင်သကဲ့သို့ အခင်းဖြစ်ရာ နေရာသို့ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကိုယ်တိုင်သွားရောက် မေးမြန်းစိစစ်ဆွေးနွေးနိုင်ပါတယ်။ ကော်မတီသည် ဆပ်ကော်မတီအလိုက်ဖြစ်စေ၊ အဖွဲ့ခွဲ၍ဖြစ်စေ၊ လိုအပ်သော ပုဂ္ဂိုလ်များ ပေါင်းစပ်ဖွဲ့စည်း၍ဖြစ်စေ၊ လိုအပ်သည့် ပြည်တွင်းနေရာဒေသ အသင်းအဖွဲ့ ရုံး၊ အလုပ်ရုံ၊ လုပ်ငန်းတည်နေရာ (သို့မဟုတ်) အစိုးရရုံးဌာနများနှင့် ပြည်တွင်းရှိ နိုင်ငံတကာ အဖွဲ့အစည်းရုံးများသို့ တာဝန်အရ သွားရောက်လေ့လာ ဆောင်ရွက်နိုင်ပါတယ်။ ထိုသို့သွားရောက် လေ့လာဆောင်ရွက်နိုင်ရန်အတွက် လွှတ်တော်ရုံးသို့ ခရီးစဉ် အုပ်ချုပ်မှုဆိုင်ရာ လိုအပ်သည်များကို ကြိုတင်ညှိနှိုင်းတင်ပြပြီး လွှတ်တော်ရုံး၏ စီစဉ်ပေးမှုဖြင့် ဆောင်ရွက်ရပါမယ်။ ကော်မတီ၏ လေ့လာတွေ့ရှိချက်များအရ ပြည်ထောင်စုအစိုးရအဖွဲ့ကဖြစ်စေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရကဖြစ်စေ ပြုပြင်ပြောင်းလဲ စီစဉ်ဆောင်ရွက်ပေးရန်သင့်သော (သို့မဟုတ်) လိုအပ်သော အရေးယူ ဆောင်ရွက်သင့်သော တွေ့ရှိချက်များရှိပါက လွှတ်တော်ဥက္ကဋ္ဌထံသို့ သက်ဆိုင်ရာအမှုတွဲနှင့်အတူ ပြည့်စုံစွာ ပြုစုတင်ပြရပါမယ်။ ကော်မတီသည် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့်ပတ်သက်၍ ဆက်သွယ်ဆောင်ရွက်လိုခြင်း၊

တွေ့ဆုံဆွေးနွေးလိုခြင်း၊ အကြံများပေးခြင်း၊ အကြံဉာဏ်များရယူခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်း၊ သွားရောက်လေ့လာလိုခြင်းများ ပြုလုပ်လိုပါက လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ကို ရယူဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ဆက်လက်ပြီး ရပိုင်ခွင့်နှင့်စပ်လျဉ်း၍ ဆက်လက်တင်ပြပါမယ်။ ကော်မတီဝင်များသည် ကော်မတီ လုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် (သို့မဟုတ်) ကော်မတီ အစည်းအဝေးတက်ရောက်ရန် ကော်မတီ ရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏ တာဝန်ပေးချက်အရ ခရီးသွားလာရာ၌လည်းကောင်း၊ ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များ ဆိုင်ရာ ဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိပါတယ်။ ဒါ့အပြင် ကော်မတီဝင်များဟာ ကော်မတီအစည်းအဝေးတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ တည်ဆဲအခြား ဥပဒေတစ်ရပ်ရပ်အရ အရေးယူခြင်းမှ ကင်းလွတ်ခွင့်ရှိပါတယ်။ ကော်မတီအစည်းအဝေး တက်ရောက်စဉ်အတွင်း ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့် ရှိပါတယ်။ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခံရပါက ပြစ်ဒဏ်စီရင်ခြင်း မခံရမီ ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးသို့ တက်ရောက်ခွင့်စသည့်အခွင့်အရေးများလည်း ရပါတယ်။ ကော်မတီ၏ သက်တမ်းမှာ သက်တမ်း(၁)နှစ် ပြည့်သည့်အခါတိုင်း ပြန်လည်သုံးသပ်၍ လွှတ်တော်ဥက္ကဋ္ဌက လိုအပ်ပါက ကော်မတီအမည် ပြင်ဆင်ခြင်း၊ ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုးခြင်း တာဝန်ပေးရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လွှတ်တော်သို့ လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကနိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်း**

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၆ တို့အရ နိုင်ငံသားများရဲ့ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေး ဆိုင်ရာကော်မတီကို လွှတ်တော် ကိုယ်စားလှယ်များနဲ့ ဖွဲ့စည်းနိုင်ရေးအတွက် ကော်မတီမှာ ပါဝင်သင့်တဲ့ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးတို့ရဲ့ အမည်စာရင်းများကို လွှတ်တော်သို့ တင်ပြပါ့မယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံသားများ၏မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီကို(၁၅)ဦးနဲ့ ဖွဲ့စည်းမှာဖြစ်ပြီး ကော်မတီ ဥက္ကဋ္ဌအဖြစ် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာဌေးကြွယ် အားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက် အားလည်းကောင်း တာဝန်ပေးအပ် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း တင်ပြပါတယ်။

အဖွဲ့ဝင်များရဲ့ အမည်စာရင်းများကတော့ -

| | | |
|---|---|---|
| (၁) | ဒေါက်တာခွန်ဝင်းသောင်း | ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်( ၁၁ ) |
| (၂) | ဦးအောင်ကျော်စိုး | ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်( ၇ ) |
| (၃) | ဦးစောချစ်ဦး | ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်( ၃ ) |
| (၄) | ဦးပူဂင်ကမ်းလျန် | ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်( ၅ ) |
| (၅) | ဦးကိုကိုနိုင် | စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်( ၈ ) |
| (၆) | ဦးကင်းရှိန် | တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်( ၉ ) |
| (၇) | ဦးဝင်းကြိုင် | ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်( ၁၀ ) |
| (၈) | ဦးဝင်းမြင့် | မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်( ၈ ) |
| (၉) | ဦးအောင်မျိုးလတ် | မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) |
| (၁၀) | ဦးကျော်သိန်း | ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) |
| (၁၁) | ဦးဖေချစ် | ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) |
| (၁၂) | ဒေါ်မေသန်းနွဲ့ | ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) |
| (၁၃) | ဗိုလ်မှူးချုပ်ကျော်ဆွေဦး | တပ်မတော်သား ကိုယ်စားလှယ် |

တို့ ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး သတ္တမနေ့ ရပ်နားကြောင်းနှင့် အဋ္ဌမနေ့ အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး သတ္တမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး အဋ္ဌမနေ့ကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီ လ ၁၉ ရက်(သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၁၀း၄၇ နာရီ အချိန်တွင် ရပ်နားပါသည်။]